


## လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့်စော်ကားခြင်း

# စည်းမျဉ်းများကို သိထားလို့၊ ဆင်ခြေပေးခြင်းရပ်ပါစို့!

၁။ မည်သို့သော အချိန်အခါတွင်မဆို ဒေသခံလူထုအား လေးစားစွာ၊ ဂုဏ်သိက္ခာရှိစွာ ဆက်ဆံရမည်။

၂။ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့်စော်ကားခြင်းသည် ကုလသမဂ္ဂနှင့်တကွ ၎င်း၏အဖွဲ့ဝင်များအတွက် လက်မခံနိုင်သည့် လုပ်ရပ်ဖြစ်သလို တားမြစ်ထားသည့် အပြုအမူမျိုးလည်းဖြစ်သည်။

၃။ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့်စော်ကားခြင်းသည် ကျွန်ုပ်တို့ ပိုင်းဝန်းစောင့်ရှောက်ကြရမည့် ပြည်သူလူထု၏ အသက်အိုးအိမ်အပေါ် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်သည်။

၄။ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့်စော်ကားခြင်းသည် ကျွန်ုပ်တို့၏ အခြေခံမှုများကို အားနည်းစေပြီး ကုလသမဂ္ဂ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည်။

## ကုလသမဂ္ဂ အလံအောက်တွင် တာဝန်ထမ်းဆောင်နေသူတိုင်းသည် အောက်ဖော်ပြပါ တားမြစ်ချက်များကို <u>မဖြစ်မနေ</u> လိုက်နာကြရမည်။

၁။ အသက် ၁၈ နှစ်အောက်အရွယ် မည်သူနှင့်မဆို၊ မည်သို့သော လိင်ပိုင်းဆိုင်ရာ ဆက်ဆံပြုမူမှုမျိုးကိုမဆို မကျူးလွန်ရန် **တင်းကြပ်စွာ တားမြစ်ထားသည်** (မိမိ၏တိုင်းပြည် သို့မဟုတ် တာဝန်ကျရာဒေသတွင် အသက်ပြည့်သတ်မှတ်ချက်များ မည်သို့ပင်ရှိစေကာမူ)။ လူတစ်ယောက်ကို အသက်အရွယ်ပြည့်သည်ဟု မှားယွင်းသော ထင်မြင်ယူဆချက်ဖြင့် ကျူးလွန်မိသည်ဆိုသော ဆင်ခြေမျိုးအား လက်ခံမည်မဟုတ်ပါ။

၂။ မိမိ၏တိုင်းပြည် သို့မဟုတ် တာဝန်ကျရာတိုင်းပြည်တွင် ပြည့်တန်ဆာလုပ်ငန်းမှာ တရားဝင်ဖြစ်စေကာမူ မည်သူနှင့်မဆို အခကြေးငွေ၊ အလုပ်အကိုင်၊ ဘက်လိုက်ဆောင်ရွက်ပေးမှု၊ ပစ္စည်းနှင့်ဝန်ဆောင်မှု စသည်တို့နှင့် အလဲအလှယ်သဘောမျိုး ကာမစပ်ယှက်ခြင်းများကို မလုပ်ကြရန် **တင်းကြပ်စွာ တားမြစ်ထားသည်**။

၃။ လိင်ပိုင်းဆိုင်ရာ အရှက်ရစေသည့်၊ ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် သို့မဟုတ် အမြတ်ထုတ်စော်ကားသည့် အပြုအမူများကို မလုပ်ကြရန် **တင်းကြပ်စွာ တားမြစ်ထားသည်**။

## ကျွန်ုပ်သည် အောက်ဖော်ပြပါအချက်များကို ကောင်းမွန်စွာ နားလည်သဘောပေါက်ပါသည် -

၁။ မည်ကဲ့သို့သော လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု၊ စော်ကားမှုများနှင့် တစ်နည်းနည်းတစ်ဖုံဖုံ ပတ်သတ်မှုရှိခဲ့ပါက လိုအပ်သည်နှင့်အညီ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းတို့ လုပ်ဆောင်နိုင်သည်။

၂။ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့်စော်ကားခြင်းများ ကျူးလွန်သည်ဟု ခိုင်လုံပါက အလုပ်မှ ခေတ္တနားခိုင်းခြင်း၊ ချက်ခြင်းနေရပ်ပြန်ပို့ခြင်း၊ အလုပ်မှထုတ်ပစ်ခြင်း၊ ထောင်ဒဏ်ကျခံစေခြင်းနှင့် အနာဂတ်တွင် ကုလသမဂ္ဂ၌ အ လုပ်အကိုင်ရနိုင်မှုအားပိတ်ပင်ခြင်း စသည်များအပါအဝင် နည်းလမ်းတစ်မျိုးမျိုးဖြင့် အရေးယူ ခံရနိုင်သည်။

၃။ အခြားမည်ကဲ့သို့သော ရာထူး၊ အဆင့်ရှိသည့် ပုဂ္ဂိုလ်များပင်ဖြစ်စေကာမူ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့်စော်ကားခြင်း လုပ်ရပ်မျိုးပြုမူနေသည်ကို မြင်တွေ့ပါက ကျွန်ုပ်အနေနှင့် တာဝန်ရှိရှိ အကျိုးအကြောင်းစီလျော်သည့် နည်းလမ်းတစ်မျိုးမျိုးဖြင့် တားဆီးရုံသာမက ၎င်းဖြစ်ရပ်ကို ကျွန်ုပ်၏ အထက်အရာရှိ သို့မဟုတ် မန်နေဂျာထံသို့ ချက်ခြင်း သတင်းပို့ရမည်။

၄။ ဤကဲ့သို့ မလျော်ကန်သည့်ပြုမှုပုံများကို တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် သတင်းပို့နိုင်ခြင်းတို့မှ ပျက်ကွက်ခဲ့ပါက ကုလသမဂ္ဂက ချမှတ်ထားသော လိုက်နာရမည့် ကျင့်ဝတ်များကို ချိုးဖောက်ရာရောက်မည်။

**ဆင်ခြေပေးခြင်းကို လက်ခံမည်မဟုတ်!**




### လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့်စော်ကားခြင်း
### ဆင်ခြေပေးခြင်းရပ် - လုံးဝလက်မခံ

အသေးစိတ် အချက်အလက်များအတွက် ကြည့်ရှုရန်
ကျင့်ဝတ်စည်းကမ်းများနှင့် စီမံခန့်ခွဲမှုအဖွဲ့ ဝဘ်ဆိုက် : https://cdu.unlb.org/




## လက်တုံ့ပြန်မှုများမှ ကာကွယ်စောင့်ရှောက်မှုရရန် အဓိကဆက်သွယ်နိုင်မည့် နေရာများ

**စုံစမ်းစစ်ဆေးရေးအရာရှိရုံး (ဝန်ထမ်းများအပေါ် တိုင်ကြားချက်များအတွက်)**
304 East 45th Street 6th Floor, Room FF-671 New York, NY 10017 USA;
http://fpombudsman.org phone: +1 646 781 4083; ombudsmediation@fpombudsman.org

**ကျင့်ဝတ်ဆိုင်ရာရုံး (သတင်းပေးသူများအား ကာကွယ်စောင့်ရှောက်ခြင်း/ လက်တုံ့ပြန်မှုများမှ ကာကွယ်စောင့်ရှောက်ခြင်း):**
ethicsoffice@undp.org, phone: +1-212-909-7840 || fax: +1-212.906.6153;
http://www.undp.org/content/undp/en/home/accountability/ethics.html

**ဝန်ထမ်းရေးရာရုံး (စော်ကားနှောင့်ယှက်မှု၊ လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်မှု၊ ခွဲခြားဆက်ဆံမှုနှင့် လုပ်ပိုင်ခွင့်အာဏာ အလွဲသုံးစားပြုမှုဆိုင်ရာ UNDP ၏ မူဝါဒများအကြောင်း အထွေထွေစုံစမ်းမေးမြန်းမှုများအတွက်)**
harassment.ohrfocalpoint@undp.org || +1-212-906-5254

**စာရင်းစစ်နှင့် စုံစမ်းစစ်ဆေးရေးရုံး**
အွန်လိုင်း ညွှန်းပို့လွှာပုံစံ ၊ လွတ်လပ်စွာ ဆက်သွယ်နိုင်သော သီးသန့် ဖုန်းဝန်ဆောင်မှု
telephone service: +1 877 557 8685 (USA အတွင်းသာ) and +1 770 776 5678 (တစ်ကမ္ဘာလုံး);
reportmisconduct@undp.org




လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့်စော်ကားခြင်း
**ဆင်ခြေပေးခြင်းရပ် - လုံးဝလက်မခံ**

အသေးစိတ် အချက်အလက်များအတွက် ကြည့်ရှုရန်
ကျင့်ဝတ်စည်းကမ်းများနှင့် စီမံခန့်ခွဲမှုအဖွဲ့ ဝဘ်ဆိုက် : https://cdu.unlb.org/